# ဒုတိယမွေးခြင်း

ဒီကနေ့ကျွန်တော်တို့သည် ဒုတိယမွေးခြင်းအကြောင်းကို ကြိမ်ဖန် များစွာကြားနေ ရပါ သည်။ လူများစွာက မိမိသည် "ဒုတိယမွေးခြင်းခံ ခရစ်ယာန်" ဖြစ်ကြောင်း ပြောဆိုနေကြသည်။ သူတို့က လူ  တ ယောက် သည် ဒုတိယမွေးခြင်း မခံဘဲ ခရစ်ယာန် တစ်ယောက် မဖြစ်နိုင်ကြောင်း ကို နားလည်ပုံမ ရပါ။ လူတစ်ယောက် သည် မည်သည့်နည်းဖြင့် ဒုတိယ မွေးခြင်းကို ခံနိုင်ပါမည်နည်း။ လူတစ်ယောက်သည် မည် သည  နည်းဖြင့် ခရစ်ယာန် တစ်ယောက် ဖြစ်လာနိုင်မည်နည်း။ သမ္မာကျမ်းစာ က မည်ကဲ့သို့ သွန်သင်ပါသနည်း။

သမ္မာကျမ်းစာ က ရှင်ယောဟန် ၃း ၁-၁၃ ထဲတွင် ဒုတိယ မွေးခြင်း အကြောင်း ပြောပါသည်။ နိကောဒင်အမည် ရှိ သော ယုဒလူတို့တွင် အရာရှိ၊ ဖာရိရှဲတယောက်သည် ယေရှုထံတော်သို့ လာသည်။ နိကောဒင်သည် ဘာသာတရားကိုင်းရှိုင်း သူ လူ ကောင်း တယောက်ဖြစ် သည်။  သူ သည် ယေရှုပြု သော နိမိတ်လက္ခဏာ များကိုတွေ့မြင် သောကြောင့် ယေရှု သည် ဘုရားသခင် စေလွှတ်တော် မူသော  သူဖြစ် ကြောင်း သိသည်။  နိကောဒင်သည် ဘုရားသခင်၏ နိုင်ငံတော် ကို မျှော်လင့်နေသောသူ ဖြစ်သည်။

ယေရှုက နိကောဒင် သည်အဘယ်သူဖြစ်ကြောင်းနှင့် မည်သည့်အရာကို မျှော်လင့် နေ ကြောင်း သိမြင်သော ကြောင့် ဤသို့ဖြေကြားပြော ဆို ခဲ့ပါသည်။ " ယေရှုက ဒုတိယမွေးခြင်းကို မခံသော သူမည်သည်ကား ဘုရားသခင်၏ နိုင်ငံတော် ကို မမြင်ရဟု ငါ အမှန်အကန်ဆိုသည် ဟု ပြန်၍မိန့် တော်မူ၏"။ နိုင်ငံတော်ကို မြင်တွေ့ ခြင်း သည် ၎င်း၏ ဝမ်းမြောက်ခြင်းနှင့် ကောင်းကြီးမင်္ဂလာများ ကို အတူမျှ ဝေခံစားခြင်းဖြစ် သည်။ နိကောဒင် သည် ယုဒ လူ တယောက်ဖြစ်သည်။ သူသည် ယုဒလူမျိုးမိသားစု မှ မွေးဖွားခြင်းအားဖြင့် ဣသရေလ နိုင်ငံတော်၏ နိုင်ငံသားတယောက် ဖြစ်လာခဲ့သည်။ သူက ယေရှု၏ နိုင်ငံတော်သည် လောကီနိုင်ငံ တစ်ခု ခု ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ထင်မြင် ခဲ့သည်။ သို့သော်လည်း ထိုထင်မြင် ချက်သည် မှားယွင်းပါသည်။

ယေရှုတည်ထောင် သော နိုင်ငံတော်သည် ဝိညာဉ်ရေးရာ နှင့်ဆိုင်သော နိုင်ငံတော်ဖြစ်သည်။ နောက်ပိုင်း၌ ယေရှုက ပိလတ်မင်း အား ပြောဆိုသည်မှာ " ငါ၏ နိုင်ငံ သည် ဤလောကနှင့် မစပ်ဆိုင်" (ယောဟန် ၁၈း၃၆ )။ ပေတရုက ယေရှုသည် ခရစ်တော်တည်းဟူသော အသက်ရှင်တော်မူသော ဘုရားသခင ၏သားတော် ဖြစ်ကြောင်းဝန်ခံသော အခါ ယေရှုက သူ့အသင်းတော် တည်ဆောက်ရန် ကတိပေး ခဲ့သည်။ ထို့နောက်ယေရှု သည် ပေတရုအား ကောင်းကင်နိုင်ငံတော်၏ သော့တို့ကို လည်းပေးရန် ကတိပေးခဲ့သည်။ ( မသဲ ၁၆း၁၆-၁၉ )။ ဤကျမ်းချက် တွင် ယေရှု က "အသင်းတော်" နှင့် "နိုင်ငံတော်" သည် အတူတူသုံးနှုန်း ပြောဆိုကြောင်းရှင်းလင်းပါသည်။ နှစ်ပေါင်းအတန်ကြာလာ သောအခါ တမန်တော် ပေါလု က ကောလောသဲ မြို့၌ရှိသော ခရစ်တော်၏ အသင်းတော် ကို ပြောဆိုရာတွင် " ချစ်တော်မူသော သားတော်၏ နိုင်ငံတော်ထဲသို့ သွင်းတော်မူ၏" ( ကောလောသဲ ၁း၁၃ ) ဟု ပြောဆိုပါသည်။ ထိုသို့ အသင်းတော် နှင့် နိုင်ငံတော်သည် အတူတူ ဖြစ်သောကြောင့် ထိုအထဲသို့ဝင် ရောက်နိုင်ရန်  လမ်းခရီးလည်း တစ်ခု တည်းသာ ရှိပါသည်။ လူတယောက် သည် နိုင်ငံတော်ထဲသို့ ရောက်ရှိနေလျှင် ထိုသူသည် အသင်းတော်၏ အသင်းဝင်တယောက် ဖြစ်ပါသည်။

အစပိုင်းတွင် ယေရှု က နိကောဒင်အား မိန့်ဆို သည်မှာ "ဒုတိယမွေးခြင်းကို မခံသော သူမည် သည်ကား ဘုရားသခင်၏နိုင်ငံတော် ကို မမြင်ရ ဟု ပြန်၍မိန့် တော် မူ၏" ဤသို့ မိန့်ဆို ခြင်းအားဖြင့် လူ တယောက်သည် ဒုတိယမွေးခြင်း အားဖြင့်သာ လျှင် နိုင်ငံတော်၏ ဝမ်းမြောက်ခြင်း ကောင်းကြီး မင်္ဂလာကို ခံစားနိုင်မည် ဖြစ် သည်။

ယေရှုက လူတယောက် သည် (၁ ) ရေ ( ၂ ) ဝိညာဉ်တော် အားဖြင့် မွေးဖွားရမည်ဟု မိန့်ဆို သည်။ လူတယောက် မွေးဖွားနိုင်ရန် အရာနှစ်ခုတို့ သည် မရှိမဖြစ်လိုအပ် သည်။ ( ၁ ) မျိုးစေ့ကြဲမည့် ဖခင် (၂ ) မွေးဖွားပေးမည့် မိခင် တို့ဖြစ်သည်။ ယေရှုက ဘုရားသခင်၏မိသားစု ဖြစ်သော ဘုရားသခင်၏ နိုင်ငံတော် ထဲ သို့ ဝိညာဉ်ရေးရာ မွေးဖွားခြင်း ကို ရှင်းပြရာတွင် လူ့ဘဝ၏ မိသားစုတစ်စု ထဲသို့ ဇာတိ မွေးဖွားခြင်းကို အသုံးပြု သည်။

ဒုတိယမွေးခြင်း၌ သန့်ရှင်း သောဝိညာဉ်တော်သည် မျိုးစေ့ကြဲ သည်။ မျိုးစေ့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ ဤ စကား လုံးများကို မှတ်ထားကြပါစို့။ " နိမ္မိတ သတ္တဝါတို့တွင် ငါတို့သည် အဦးသီးသောအသီး ကဲ့သို့ ဖြစ်စေ ခြင်းငှါ သမ္မာတရား စကားအားဖြင့် မိမိအလိုတော်အတိုင်း ငါတို့ကို ဖြစ်ဘွားစေတော်မူ ၏" ( ယာကုပ် ၁း ၁၈ )။ နောက်တဖန် ဤကျမ်းချက် ကိုလည်း ဖတ်ရှုကြပါစို့။ " သင်တို့ သည် ဖောက်ပြန် ပျက်စီးတတ်သော မျိုးစေ့ အားဖြင့်ဖြစ်ဘွားသည်မဟုတ်။ မဖောက်ပြန်မပျက်စီး တတ်သော မျိုးစေ့ တည်း ဟူသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော် အားဖြင့် ဖြစ်ဘွားသောကြောင့်၊ ညီအစ်ကိုများကို ချစ်ယောင် မဆောင် အမှန်ချစ်ခြင်း အလို့ငှါ စိတ်ထဲမှာ သမ္မာတရားကို နားထောင်လျှက်၊ ကိုယ်စိတ် နှလုံးကို စင်ကြယ်စေပြီး သည်နှင့်အညီ၊ စင်ကြယ်သော စိတ်နှင့် အချင်းချင်း အားကြီးသော ချစ်ခြင်းမေတ္တာ ရှိကြလော့" (၁ပေ ၁း၂၂-၂၃ )။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် ဝိညာဉ်တော်၏ ဓားဖြစ် သည်( ဧဖက် ၆း၁၇ )။ လူ့စိတ်ထဲတွင် ယုံကြည် ဖြစ်ထွန်းစေရန် သန့်ရှင်း သောဝိညာဉ်တော်သည် ဤနှုတ်ကပတ်တော် ကို အသုံးပြု သည်။ "သို့ဖြစ်၍ ယုံကြည်ခြင်း သည် ကြားနာခြင်းအားဖြင့် ဖြစ်၏။ ကြားနာခြင်းသည် လည်း ဘုရားသခင် ၏ စကားတော်အားဖြင့်ဖြစ်၏ ( ရောမ ၁၀း၁၇ )။ ထို့ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော် ကို ဟောပြော သောအခါ သန့်ရှင်းသောဝိညာဉ်တော် သည် အပြစ်သား၏ နှလုံးသားထဲသို့ ယုံကြည်ခြင်းကို ဖြစ်ထွန်း စေသည်။ ထို့ကြောင့် လူတယောက်သည် နှုတ်ကပတ်တော်ကို ကြား၍

ယုံကြည် သောအခါ သန့်ရှင်းသောဝိညာဉ်တော် ၏ သားဟု ခေါ်ဆိုနိုင်ပါသည်။

သို့သော် ရေနှင့် မွေးဖွား ခြင်းကား အဘယ်သို့နည်း။ ဤသည် ဗတ္တိဇံခံခြင်းအားဖြင့် ဖြစ်သည်။ လူတယောက် သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြား၍ ယုံကြည် သောအခါ ထိုသူ သည် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသော ဝိညာဉ် တော် ၏ နာမ၌ ရေထဲတွင် ဗတ္တိဇံခံခြင်းအား ဖြင့် နှုတ်ကပတ်တော် ကို နာခံသည် (မသဲ ၂၈း၁၉-၂၀ )။ဤဗတ္တိဇံသည် ရေထဲ ၌ သင်္ဂြိုလ်ခြင်းဖြစ်သည်( ရောမ ၆း၄ ; ကောလောသဲ ၂း၁၂ )။ ဤဗတ္တိဇံသည် အပြစ်မှ ဖြေလွှတ်ခြင်း ( ခွင့်လွှတ်ခြင်း )အတွက် ဖြစ်သည် ( တမန်တော် ၂း၃၈; ၂၂း၁၆ )။ ယုံကြည်သူတယောက်သည် ဗတ္တိဇံခံခြင်းအားဖြင့် ခရစ်တော်၏ ခန္ဓာကိုယ်ထဲ သို့ ထည့်သွင်းခြင်းခံ ရသည် ( ၁ကော ၁၂း၁၃ )။ ထို ခန္ဓာကိုယ်သည် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်သော အသင်းတော်ဖြစ် သည် ( ကောလောသဲ ၁း၁၈ )။

ခရစ်ယာန်တယောက် ဖြစ်ရန် ဒုတိယ မွေးခြင်းသည် မရှိမဖြစ် လိုအပ်ကြောင်း ကျွန်တော် တို့ သိခဲ့ပါပြီ။ လူတယောက် သည် ဒုတိယမွေးခြင်းကို ခံရလျှင် ထိုသူသည် ဘုရားသခင်၏ နိုင်ငံတော် ဖြစ်သော အသင်းတော် ထဲသို့ အလိုအလျှောက် ရောက်ရှိနေပါသည်။ သန့်ရှင်းသောဝိညာဉ်တော် သည် နှုတ်ကပတ်တော်ကို လူ့နှလုံးသားထဲ တွင် ဖွင့်ပြတော်မူ၍ ယုံကြည်ခြင်း ကို ဖြစ်ထွန်းစေပြီး ထိုယုံကြည်သူသည် အပြစ် လွှတ်ခြင်းရရန် ဗတ္တိဇံခံခြင်း အား ဖြင့် တုံ့ပြန်သောအခါ ထိုသူ သည် ဒုတိယမွေးခြင်းကို ခံရပါသည်။ ထို သူသည် ရေနှင့်ဝိညာဉ်တော် အားဖြင့် မွေးခြင်းခံသော ကြောင့် နိုင်ငံတော်ထဲသို့ ရောက်ရှိနေ ပြီဖြစ်သည်။

စာရှုသောမိတ်ဆွေ၊ သင်သည် အဘယ်သို့နည်း။ သင် သည် ကယ်တင်ခြင်း သို့ရောက်ပြီ လား။ သင်သည် ဘုရားသခင် ၏ နိုင်ငံတော်ထဲသို့ ရောက်ရှိ နေပြီလား။ သင်သည် ရေနှင့် ဝိညာဉ်တော အားဖြင့် ဒုတိယမွေးခြင်း ခံပြီလား။ ဤအရာများကို သင်၌ မရှိသေးပါက၊ သင်သည် ထာဝရအတွက် မျှော်လင့် ချက် မရသေးပါ။ ကယ်တင်ခြင်း သည် သင့်အတွက် ဖြစ်ရန် ယနေ့၌ပင် ဘုရားသခင် ၏နှုတ်ကပတ်တော်ကို ယုံကြည် ပြီး ဗတ္တိဇံခံပါ။ “သင်တို့သည် လောကီနိုင်ငံ အရပ်ရပ်ရှိ သမျှသို့ သွား၍ ဝေနေယျသတ္တဝါအပေါင်း တို့အား ဧဝံဂေလိ တရားကို ဟောကြလော့။ ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည် သောသူမူကား အပြစ်စီရင် ခြင်းကို ခံရလတံ့။” ( မာကု ၁၆း၁၅-၁၆ )။

## လောကအတွက်သမ္မာတရား


truthfortheworld.asia

info@tftw.org

P.O. Box 241
Bethel Springs, TN 38315
U.S.A.



This work is licensed under a Creative Commons Attribution-NonCommercial-NoDerivs 3.0 Unported License.


